The Essence

mgyoe.com

# မြန်မာစာမေးခွန်းပုံစံသစ်

## တက္ကသိုလ်ဝင်တန်း

## မေးခွန်းနံပါတ် ၆(ခ)

အဆိုတစ်ခုကို
ထောက်ခံခြင်းနှင့် ကန့်ကွက်ခြင်း
ဆွေးနွေးရေးသားမှုများ

ညီညီ
(တတ်သိလိမ္မာမြန်မာစာ)

mgyoe.com

mgyoe.com

# မြန်မာစာမေးခွန်းပုံစံသစ်

## တက္ကသိုလ်ဝင်တန်း

## မေးခွန်းနံပါတ် ၆(ခ)

အဆိုတစ်ခုကို
ထောက်ခံခြင်းနှင့် ကန့်ကွက်ခြင်း
ဆွေးနွေးရေးသားမှုများ

ညီညီ
(တတ်သိလိမ္မာမြန်မာစာ)

E00014
1,300.00 KS

mgyoe.com

mgyoe.com


| | | |
|---|---|---|
| မျက်နှာဖုံး | - | နိုင်ခွန်အား |
| ထုတ်ဝေသူ | - | ဦးစန်းဦး(၀၀၅၃၈)၊ |
| | - | စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄ လမ်းတာမွေ။ |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ(၀၀၄၁၂)၊ စိတ်ကူးချိုချို |
| | - | ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။ |
| စာအုပ်ချုပ် | - | ဦးမြင့်၊ ညီဝင်းမြင့် |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၁၈၊ နိုဝင်ဘာလ

ညီညီ(တတ်သိလိမ္မာ)မြန်မာစာ
မြန်မာစာမေးခွန်းပုံစံသစ်
တက္ကသိုလ်ဝင်တန်းမေးခွန်းနံပါတ်၆(ခ)/-ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၈။
စာမျက်နှာ ၁၀၁ မျက်နှာ၊ ၁၃ စင်တီ× ၁၈.၅ စင်တီ
(၁) မြန်မာစာမေးခွန်းပုံစံသစ်
တက္ကသိုလ်ဝင်တန်းမေးခွန်းနံပါတ် ၆(ခ)


mgyoe.com

mgyoe.com

## မာတိကာ


– မေးခွန်းနံပါတ် ၆ အတွက် ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံ ၁

– အပိုင်း (က)

အတွေးနှင့်အရေး ၁၂

(၁) အဖြူရောင်ကို အမည်းရောင်ထက် နှစ်သက်သည် ၁၄

(၂) အမည်းရောင်ကို အဖြူရောင်ထက် နှစ်သက်သည် ၁၆

(၃) ယောကျ်ားသည် မိန်းမထက် မြတ်သည် ၁၉

(၄) မိန်းမသည် ယောကျ်ားထက် မြတ်သည် ၂၁

(၅) နံနက်စောစော အိပ်ရာမှထကာ စာကြည့်ခြင်းသည် ကောင်း၏ ၂၄

(၆) လူခြေတိတ်ဆိတ် ညအချိန်တွင် စာကြည့်ခြင်းသည် ကောင်း၏ ၂၆

(၇) ကော်ဖီမစ်သောက်ခြင်းသည် နို့သောက်ခြင်းထက် ကောင်းသည် ၂၉

(၈) နွားနို့သောက်ခြင်းသည် ကော်ဖီမစ်သောက်ခြင်းထက် ကောင်းသည် ၃၁


mgyoe.com

mgyoe.com

(၉) မြန်မာစာဘာသာရပ်သည် အင်္ဂလိပ်စာဘာသာရပ်ထက် ပိုအရေးကြီးသည် ၃၄
(၁၀) အင်္ဂလိပ်စာဘာသာရပ်သည် မြန်မာစာဘာသာရပ်ထက် အလွန်အရေးကြီးပါသည် ၃၇
(၁၁) သိဃ်သူ့သမီးကို မိဖုရားဖွားစောထက် ပိုနှစ်သက်ပုံ ၄၁
(၁၂) မိဖုရားဖွားစောကို သိဃ်သူ့သမီးထက် ပိုနှစ်သက်ပုံ ၄၄

– အပိုင်း (ခ)
စာမေးပွဲဝင်ပုံစံ ဖြေဆိုပြခြင်း ၄၇
(၁) နွေရာသီသည် ဆောင်းရာသီထက်ပို၍ သာယာသည် ၄၉
(၂) ခေတ်မီစမတ်ဖုန်းများကို အလွန်အကျွံသုံးစွဲခြင်းကြောင့် ကျန်းမာရေး ထိခိုက်နိုင်ပါသည် ၅၄
(၃) တယ်လီဗေးရှင်းကြည့်ခြင်းသည် သတင်းစာ ဖတ်ခြင်းထက် ပိုအကျိုးရှိသည် ၆၀
(၄) အလုပ်လုပ်နေသော အဖေထက် အိမ်တွင်နေသော အမေက ပိုပင်ပန်းသည် ၆၆
(၅) တိုင်းတစ်ပါးယဉ်ကျေးမှုများ ဝင်ရောက်လာခြင်းသည် ကိုယ်ပိုင်ယဉ်ကျေးမှုများကို ထိခိုက်စေသည် ၇၂
(၆) သီချင်းဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေသည် ၇၇
(၇) အားကစားပွဲများတွင် ဘောလုံးပွဲသည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သည် ၈၃

– အပိုင်း (ဂ)
လေ့ကျင့်ရန်အတွက် အချက်အလက်များ ၈၉

mgyoe.com

mgyoe.com

(၁) မီးရထားဖြင့် ခရီးသွားခြင်းက မော်တော်ကားဖြင့်
ခရီးသွားခြင်းထက် ပိုကောင်းပုံ ၉၀
(၂) ကဗျာသည် စကားပြေထက်ပို၍
စိတ်ဝင်စားဖွယ်ကောင်း ၉၃
(၃) ပင်လယ်နှင့်နီးသောဒေသတွင် နေခြင်းက
တောင်တန်းဒေသတွင် နေခြင်းထက်
လူတို့၏ကျန်းမာရေးကို ပိုမိုအကျိုးပြု ၉၆
(၄) စကားများများပြောခြင်းက လူမှုဆက်ဆံရေးကို
ပိုကောင်း ၉၈
(၅) ပညာသည် ဥစ္စာထက် တန်ဖိုးကြီးပုံ ၁၀၀

ဝ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မြန်မာစာ

### မေးခွန်းနံပါတ် ၆ အတွက် ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံ

မေးခွန်းနံပါတ် ၆ သည် ယခင်က စာစီစာကုံး တစ်မျိုးတည်းကိုသာ ဖြေဆိုရသော မေးခွန်းဖြစ်ပါသည်။ သုံးပုဒ်ပေးထားသည်။ ပုံကြမ်းအချက်အလက်များ ပေးထားသည်။ ကျောင်းသား/သူများက တစ်ပုဒ်တည်းကိုသာ ရွေးချယ်ပြီး ဖြေဆိုရသောပုံစံ ဖြစ်ပါသည်။

ပေးမှတ်မှာ ၂၀ မှတ်။ အောင်မှတ် ၄၀ ၏ တစ်ဝက်တိတိ။ မေးခွန်းတစ်ခုလုံး၏ ငါးပုံတစ်ပုံဖြစ်သည်။ ထို့ကြောင့် မေးခွန်းနံပါတ် ၆ သည် စာဖြေသူ ကျောင်းသား/သူတို့အတွက် အရေးပါသော၊ အရေးကြီးသောမေးခွန်းဟု ဆိုရပါမည်။

ယခုပြောင်းလဲမည်။ မြန်မာစာမေးခွန်း၏ နံပါတ် ၆ တွင် (က) (ခ) နှစ်ပုဒ်ခွဲ မေးထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ (က) ကို ၁၀ မှတ် ပေးပါမည်။ ယခင်မေးခွန်းပုံစံအတိုင်း စာစီစာကုံး မေးခွန်းကိုသာ ဆက်လက်မေးမည်ဖြစ်ပါသည်။ (ခ) ကို အဆိုတစ်ခု

mgyoe.com

mgyoe.com



ဆွေးနွေးစေမည်။ မေးခွန်းမေးကာ ၁၀ မှတ်ပေးပါမည်။ မေးခွန်း (ခ) သည် ကျောင်းသား/သူတို့၏ ကိုယ်ပိုင်အတွေးအခေါ်၊ ပင်ကို အရည်အသွေးတို့ကို မေးမြန်းစစ်ဆေးသည့် မေးခွန်းဖြစ်ပါသည်။ အရေးအသားကောင်းလျှင် ကောင်းသလောက်၊ အတွေးအခေါ် ကောင်းလျှင် ကောင်းသလောက် အမှတ်ရရှိမည့် မေးခွန်းဖြစ်ပါ သည်။ သို့သော်လည်း စကားပြောဟန်နှင့် မရေးသားရဘဲ စကားပြေ ဟန် စာဖြင့်သာ ရေးသားဖြေဆိုရမည် ဖြစ်ပါသည်။ မေးခွန်းနံပါတ် ၆(ခ) အတွက် မေးမည့်အဆိုများမှာလည်း ကျောင်းသား/သူများ အားလုံးနှင့် ရင်းနှီးကျွမ်းဝင်သော ယေဘုယျကျသည့် အဆိုမျိုးကိုသာ ပေးထားမည်ဖြစ်ပါသည်။

ဥပမာအားဖြင့် - "နွေရာသီသည် ဆောင်းရာသီထက်ပို၍ သာယာလှပသည်။"
"ခေတ်မီစမတ်ဖုန်းများကို အလွန်အကျွံ သုံးစွဲခြင်းကြောင့် ကျန်းမာရေးကို ထိခိုက် စေသည်။"
တယ်လီဗေးရှင်းကြည့်ခြင်းသည် သတင်း စာဖတ်ခြင်းထက် ပို၍အကျိုးရှိသည်။"
စသည်ဖြင့် မေးမြန်းနိုင်ပါသည်။

ပေးထားသည့်အဆိုကို မှန်သည်၊ မှားသည် မဖြေရ။ အဆုံး အဖြတ်မပေးဘဲ မိမိအမြင်အတိုင်း၊ မိမိခံစားချက်အတိုင်း၊ မိမိ အယူ အဆအတိုင်း၊ မိမိသဘောထားအတိုင်း ထောက်ခံလိုက ထောက်ခံ ကာ၊ ကန့်ကွက်လိုက ကန့်ကွက်နိုင်သည့် အရေးအသားမျိုးဖြင့် ရေးသားဖြေဆိုနိုင်ပါသည်။

mgyoe.com

mgyoe.com



အဆိုတစ်ခုကို ဆွေးနွေးနိုင်ရန်အတွက် ကျောင်းသား/သူတို့သည် အထွေထွေဗဟုသုတ အနည်းငယ်ရှိရုံမျှနှင့် မရတော့ပါဟု ဆိုချင်ပါသည်။ မိမိပြောလိုသည့်အဆိုကို လှပဝေဆာသော၊ ထိမိသော၊ အချက်ကျသော၊ စာစစ်သူ သဘောတွေ့စေမည့် စကားလုံး၊ ဝါကျ၊ စာပိုဒ်၊ စာပုဒ်များအဖြစ် ဖန်တီးရေးသားနိုင်လျှင် အမှတ်ကောင်းကောင်း ရနိုင်ပါလိမ့်မည်။

ဥပမာအနေနှင့် လေ့လာနိုင်းယှဉ်နိုင်ရန်အတွက် အရေးအသား နှစ်မျိုးကို ဖော်ပြပေးလိုက်ပါသည်။

၀

mgyoe.com

mgyoe.com

## (Softpen) ဆောပင်တစ်ချောင်း၏ အသုံးဝင်ပုံ

### ရေးနည်းရေးပုံ (၁)

ရှေးရှေးက စာသင်ကြားရေးတွင် ကျောက်သင်ပုန်းခေါ် Blackboard များကို အသုံးပြုကြပါသည်။ မြေဖြူခဲကလေးများကိုလည်း သုံးကြရပါသည်။ ဆရာ/ဆရာမတို့အဖို့ ကျောင်းသား/သူတို့အတွက် ရှင်းလင်းသင်ကြား ပို့ချရာတွင် ကျောက်သင်ပုန်းနှင့် မြေဖြူသည် အရေးပါအရာရောက်သော သင်ထောက်ကူပစ္စည်းများ ဖြစ်ခဲ့ပါသည်။

ယခုမျက်မှောက်ကာလ တိုးတက်လာသော အခါသမယတွင် ကျောက်သင်ပုန်းတို့၏ နေရာတွင် သင်ပုန်းဖြူတို့ အစားထိုး ဝင်ရောက်

### ရေးနည်းရေးပုံ (၂)

ရှေးယခင်က စာသင်ကြားရေးအတွက် စာသင်ခန်းများတွင် မြေဖြူနှင့် ကျောက်သင်ပုန်းကို အသုံးပြုခဲ့ကြပါသည်။

ထို့နောက် တိုးတက်လာသော ယနေ့ခေတ်တွင် ကျောက်သင်ပုန်းနေရာ၌ သင်ပုန်းတို့က အစားထိုးဝင်ရောက်လာသည်။ သင်ပုန်းဖြူပေါ်တွင် ရေးရန်အတွက် ဆောပင်များကို လိုအပ်လာပါသည်။

ကျွန်တော်သည် ဆောပင်တစ်ချောင်း ဖြစ်ပါသည်။ ကျွန်တော်၏မိခင်စက်ရုံကြီးမှ ကျွန်တော်နှင့်အတူ ညီအစ်ကိုမောင်နှမများစွာကို မွေးထုတ်

mgyoe.com

mgyoe.com



## ရေးနည်းရေးပုံ (၁) အဆက်

လာပါသည်။ မြေဖြူတို့နေရာတွင် ဆော့ပင်များ ဝင်ရောက်လာပါသည်။ ဆော့ပင်များမှာ အနက်ရောင် တစ်မျိုးတည်းသာမကဘဲ အပြာ၊ အနီ၊ အညို၊ ခရမ်း၊ မရမ်း စသည်ဖြင့် အရောင်စုံ ရှိကြပါသည်။

ထိုထို အရောင်အသွေးစုံလင်သော ဆော့ပင်များသည် ဤနိုင်ငံတွင် ထုတ်လုပ်ကြသည် မဟုတ်ပါ။ အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သည့် စက်ရုံအသီးသီးမှ ထုတ်လုပ်ကာ မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

ဆော့ပင်တစ်ချောင်းသည် ဆရာ/ဆရာမတို့အတွက် အရေးပါသကဲ့သို့ ကျောင်းသား/သူများအတွက်လည်း အသုံးဝင်ပါသည်။

ဆော့ပင်တစ်ချောင်းသည် အရှေ့ပိုင်းတွင် အဖုံးနှင့် ဖင်ပိုင်းတွင် ဖွင့်နိုင်ပိတ်နိုင်သော အဆို့ကလေး ပါဝင်ပါသည်။

မင်ကုန်လျှင် မင်ရည်ထည့်ကာ ပြန်သုံးနိုင်ပါသည်။ သို့သော်

## ရေးနည်းရေးပုံ (၂) အဆက်

ပေးခဲ့ပါသည်။ ထို့နောက် ကျွန်တော်တို့ညီအစ်ကိုတစ်သိုက်သည် ဘူးတစ်ဘူးအတွင်း ကျကျနန အစီအရီထိုးထည့်ခံလိုက်ရပြီသည်။

မှောင်မည်းနေသော ဘူးအတွင်းဝယ် အသက်ရှုကျပ်စွာ နေထိုင်ရင်း လွတ်မြောက်မည့်ရက်ကို စောင့်မျှော်မိပါတော့သည်။

ကန့်တစ်တန်၊ ရော့တစ်တန်နှင့် ခရီးဆက်ခဲ့ရသော ကျွန်တော်တို့သည် စတိုးဆိုင်တစ်ခုအတွင်းရှိစာရေးကိရိယာကောင်တာတွင် နေရာရခဲ့ပါသည်။ ကျွန်တော်တို့အား စာသင်ဆရာတစ်ဦးဖြစ်သော ဆရာဦးညီညီမှ ဝယ်ယူသွားခဲ့ပါသည်။

ယခု ကျွန်တော်သည် ဆရာဦးညီညီ၏ လက်အတွင်းဝယ် သူပြဿနာရှာသည့် ဘဝကို ရောက်နေပါသည်။

ဆရာသည် တပည့်များကိုစာရှင်းလိုက် သင်ပုန်းဖြူပေါ်တွင် ကျွန်တော့်ကို သုံးကာ ရေးလိုက်ခြစ်လိုက်၊ ခြယ်လိုက်သလိုက်နှင့် အလုပ်ရှုပ်နေပါတော့သည်။

mgyoe.com

mgyoe.com



## ရေးနည်းရေးပုံ (၁) အဆက်

လည်း တစ်ခါသုံးသာ သုံးကြသည်ကို တွေ့ရပါသည်။

ဆော့ပင်တစ်ချောင်းသည် မင်ရည်မကုန်မချင်း အသုံးဝင်ပါသည်။ စာရေးသားမည်လား ရေးသားနိုင်ပါသည်။ ပုံဆွဲမည်လား ဆွဲနိုင်ပါသည်။

ဆော့ပင်တစ်ချောင်းသည် စာသင်သား ကျောင်းသား/သူတို့ အတွက်သာမက စာသင်ကြားပို့ချပေးသည့် ဆရာ/မများအတွက်ပါ အသုံးဝင်လှသည်ကို တွေ့ရှိရပါသည်။

## ရေးနည်းရေးပုံ (၂) အဆက်

ကျွန်တော့်အား ဆရာ သုံးနေသည်မှာ ကာလအတော်ကြာခဲ့ပါပြီ။ ကျွန်တော်၏ အသွေးအသားများဖြစ်သော မင်တို့တဖြည်းဖြည်းကုန်ခန်းကာ ကျွန်တော်သည် ချည့်နဲ့စပြုလာပါပြီ။

မကြာမီ ကျွန်တော် အသွေးအသားများ ခန်းခြောက်လာပါတော့မည်။ ကျွန်တော် သေပွဲဝင်ရပါတော့မည်။ ကျွန်တော်သေရမည်ကိုမကြောက်ပါ။ အဘယ်ကြောင့်ဆိုသော် ဆရာဦးညီညီ၏ တပည့်များစွာအတွက် ကျွန်တော့်အသက်ကိုပေးဆပ်ရင်း ဆော့ပင်တစ်ချောင်းဖြစ်ရသည့်ဘဝကို ဂုဏ်ယူမဆုံး ဖြစ်မိပါတော့သည်။

○

ကဲ နှစ်မျိုးနှစ်စား ရေးသားပုံကို နှိုင်းယှဉ်ကာ ဖတ်ကြည့်ပေတော့။ အဆိုတင်သွင်းတဲ့ အရေးအသား မဟုတ်ဘူးနော်။ ဘယ်လို ရေးသားထားသလဲ။ ဘယ်လို သရုပ်ဖော်ထားသလဲဆိုတာကို ဖတ်ရှုပြီး ကိုယ့်အလှည့်မှာ စု၊ တု၊ ပြု ဖို့လိုအပ်ကြောင်း ဖော်ပြပေးထားတာပါ။

mgyoe.com

mgyoe.com



ဆက်လက်၍ မုန့်ပျားသလက်နှင့် ဂျေဒိုးနတ်ဟူသော မုန့်နှစ်မျိုးကို ရေးသားဖော်ပြထားပါသည်။ မည်သည့်မုန့်က ကောင်းသည်၊ ဆိုးသည်ဟူ၍ မဆိုလိုပါ။ ကိုယ်နှစ်သက်သော မုန့်အကြောင်းကိုသာ ရေးသားထားခြင်း ဖြစ်ပါသည်။ သာဓကကြည့်ပါရန် တိုက်တွန်းပါသည်။

## မုန့်ပျားသလက်နှင့် ဂျေဒိုးနပ်

### ရေးနည်းရေးပုံ (၁)

ကျွန်တော်တို့ မြန်မာလူမျိုးများသည် ဆန်ကို အဓိကထားကာ စားသော လူမျိုးများဖြစ်ပါသည်။ ဆန်ကို အဓိကစားကြသကဲ့သို့ မုန့်ပဲသရေစာကိုလည်း ဆန်၊ ဆန်ကွဲတို့နှင့် ပြုလုပ်ကာ စားသုံးသည့်လူမျိုးဖြစ်သည်။

ထမင်းတစ်နပ်နှင့်တစ်နပ်ကြား နေ့လယ်နေ့ခင်းတို့တွင် အဆာပြေစာအဖြစ် လက်ဖက်သုပ်နှင့်ထမင်းကြမ်းခဲကို စားလျှင်စား၊ ထမင်းကြမ်းကို ငါးပိ၊ ငရုတ်သီးမှုန့်နှင့်နယ်ကာ သရက်သီး အစိမ်း၊ အတို့အမြှုပ်တို့နှင့် စားလျှင်စား၊ ထိုသို့မှ မစားလျှင်

### ရေးနည်းရေးပုံ (၂)

ယနေ့ခေတ်ကြီးသည် တစ်ကမ္ဘာလုံးသို့ ယဉ်ကျေးမှုများ ကူးလူးသောခေတ်ကြီး ဖြစ်သည်။ ကမ္ဘာကြီးသည် ရွာတစ်ရွာဖြစ်လာပြီ ဆိုသည့်အတိုင်း ကမ္ဘာ့အရပ်ရပ်ရှိ ယဉ်ကျေးမှုများ၊ စားဖွယ်စားစရာများသည်လည်း ကမ္ဘာအနှံ့ ပျံ့နှံ့၍ နေလေသည်။

စီးပွားရေးလုပ်သည့် လုပ်ငန်းရှင်တို့သည်လည်း သူတို့လုပ်ငန်းကို သူတို့ဒေသတွင်းသာ ရောင်းချရုံမျှမက၊ ကမ္ဘာအနှံ့အပြားသို့ရောက်အောင် စီမံခန့်ခွဲလာကြသည်။ ဤသို့ဖြင့် နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် ကမ္ဘာတံဆိပ်ဟု ဆိုနိုင်သော စားစရာတံဆိပ်တို့ ပျံ့နှံ့လာသည်

mgyoe.com

mgyoe.com



## ရေးနည်းရေးပုံ (၁) အဆက်

သည်။ ကျက်ပြီ။ ကျက်လျှင် သံချောင်းရှည်လေးနှင့် ကော်ကာ အပေါ်အောက်လှန်သည်။ ပြီးလျှင် နီးကွက်လင်ဗန်းကလေးပေါ် ပစ်တင်လိုက်ပါသည်။ ရပ်စောင့်နေသော မုန့်မှာသူကို ပေးလိုက်သည်။

မုန့်ပျားသလက်ဆိုင်ကလေးရှေ့တွင် မုန့်ယူဖို့ရာ ထိုင်စောင့်ရသည်။ ထိုသို့ ထိုင်စောင့်ရင်း အချင်းချင်း စကားစမြည် ပြောနိုင်သည်။ သာကြောင်း မာကြောင်းမှသည်၊ ရွာအကြောင်း မြို့အကြောင်းအထိ ပြောနိုင်သည်။ စပါးအကြောင်းမှသည် နွားအကြောင်းအထိ ပြောနိုင်သည်။ အဆာပြေ စားသောက်ပြီးပါကလည်း ငွေရှင်းကာ လိုရာခရီးကို ဆက်နိုင်သည်။ မုန့်နှစ်ခု သုံးခုဆိုလျှင် နေ့လယ်အထိ အဆာခံသည်။ ငွေကြေးကလည်း အကုန်အကျမများ၊ ပြန်ခါနီးတွင် ရောင်းသူအဒေါ်ကြီးအား သွားပြီနော်ဟု နှုတ်ဆက်လျှင် အလုပ်တွေဘယ်လောက်များများ မျက်လုံးဝင့်

## ရေးနည်းရေးပုံ (၂) အဆက်

ထောပတ်ရနံ့နှင့် မွှေးသောကြိုင်သော ဂျေဒီးနပ်သည် မြို့ပြ၏ခေတ်မီသော ပုံရိပ်တစ်ခုဖြစ်သည်။ ဆိုင်ခန်း၏ အပြင်အဆင်တို့က သပ်ရပ်သည်။ ခန့်ညားသည်။ နီယွန်မီးချောင်းတို့ထွန်းညှိထားသောကြောင့် အရောင်အသွေးတို့က စို့လက်တောက်ပနေသည်။ တံခါးအဝင်ဝ၌ လှလှပပ ဝတ်ဆင်ထားသော သမီးပျိုကလေးများက "မင်္ဂလာပါ" ဟုပြုံးကာပြောကြသည်။ စားသုံးသူကို အပြည့်အဝ ဝန်ဆောင်မှုပေးနေခြင်း ဖြစ်သည်။

ဒိုးနပ်သည် စားရသည့်အရသာသာမက အပြင်အဆင်၊ အခင်းအကျင်းတို့ကပါ စားသုံးသူကို စိတ်ကျေနပ်ဖွယ်ပေးပါသည်။ ထို့ကြောင့် သရေစာဗိုက်ဆာလျှင်ဖြင့် ဂျေဒီးနပ်ကိုသာ မကြာမကြာ လာစားမည်ဟု ဆုံးဖြတ်မိပါတော့သည်။

mgyoe.com

mgyoe.com



ရေးနည်းရေးပုံ (၁) အဆက်

ကြည့်ကာ အေးအေး ဖြည်းဖြည်းသွား ဟု နှုတ်ဆက်သည့်စကားကို ကြားရမည်ဖြစ်သည်။ မျက်ဝန်းများက အရောင်လဲ့ကာ ဝယ်သူကို ကျေးဇူးတင်သည့်စကားနှင့် နှုတ်ဆက်သော အခေါ်ကြီးကြောင့် မုန့်ပျားသလက်ကို နောက်တစ်ခါလာ၍ စားချင်လာပါတော့သည်။

○

"ဆရာမောင်ဆုရှင်၏ မုန့်ပျားသလက်မှ ဒိုးနပ်သို့" ဆောင်းပါးအား ခံစားရေးဖွဲ့ပါသည်။

mgyoe.com

mgyoe.com

# အပိုင်း (က)

## အတွေးနှင့်အရေး

ယခုအပိုင်းတွင် ခေါင်းစဉ်နှစ်ခုစီဖြင့် မည်သို့မည်ပုံ တွေးခေါ် စဉ်းစားရမည်ကို ရှင်းနိုင်စေရန် အနည်းငယ်မျှသာ အတိုချုပ်ရေးပြ ထားပါသည်။ ယခုအပိုင်းတွင် ပါဝင်သော ရေးသားပုံသည် စာမေးပွဲ တွင် ဖြေဆိုရန် မလုံလောက်ပါ။ ကျောင်းသား/ကျောင်းသူများ ကနဦးအတွေးဖြင့် စတင်လေ့ကျင့်တတ်ရန် အတိုချုပ် အလွယ်တွေး ပုံစံဖြင့် အနည်းငယ် မိတ်ဆက်ရေးပြထားခြင်း ဖြစ်သည်။ စာမေးပွဲ တွင် ဖြေဆိုရမည့်ပုံစံကို အပိုင်း (ခ) တွင် ဖော်ပြထားပါသည်။

mgyoe.com

mgyoe.com

အဖြူရောင်ကို အမည်းရောင်ထက် နှစ်သက်သည်။

---

အမည်းရောင်ကို အဖြူရောင်ထက် နှစ်သက်သည်။

mgyoe.com

mgyoe.com

## အဖြူရောင်ကို အမည်းရောင်ထက် နှစ်သက်သည်

ကျွန်တော်သည် အဖြူရောင်ကို အလွန်နှစ်သက်ပါသည်။ အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်းကို ကိုယ်စားပြုသောကြောင့် ဖြစ်ပါသည်။ စာရွက်ဖြူဖြူကလေးများ၊ အဖြူရောင် ကျောင်းဝတ်စုံများ၊ စာသင်ခန်းအတွင်းရှိ ကျောက်သင်ပုန်းအဖြူရောင်များ၊ ရုပ်ရှင်ပိတ်ကား အဖြူရောင်များ၊ သူနာပြုဆရာမကလေးများ၏ အင်္ကျီဖြူဖြူများ၊ ရေကြောင်းအရာရှိတို့၏ အဖြူရောင် အထက်အောက်ဆင်တူ အဝတ်အစားများ၊ ကောင်းကင်ရှိ တိမ်ဖြူလွှလွှများ စသည့်အရာများအားလုံးသည် အဖြူရောင်ပင်ဖြစ်သည် မဟုတ်ပါလော။

အဖြူရောင်သည် လူတို့၏စိတ်ကို ကြည်နူးစေသည်။ လန်းဆန်းစေသည်။ တည်ငြိမ်စေသည်။ တရားဘာဝနာ အားထုတ်ကြသည့် လူပုဂ္ဂိုလ်များ၊ ဖိုးသူတော်များကိုကြည့်ပါ၊ အဖြူရောင်ကို ဆင်မြန်းထားကြသည်ကို တွေ့ရမည်။ အဖြူရောင်ကြောင့် မြင်ရသူများသာမက ဝတ်ဆင်ထားသူများပါ စိတ်ကိုကြည်လင် အေးမြနေသည်ကို တွေ့ကြုံခံစားရပါသည်။

mgyoe.com

mgyoe.com



လူဆိုးလူမိုက်ကြီးများသည် ကိုယ်စိတ်နှလုံး ကြမ်းတမ်းကြသူများ ဖြစ်ကြသည်။ ထိုသူတို့သည် သူတို့ကျူးလွန်ခဲ့သည့် အပြစ်တို့ကို ကျေအောင် ပြန်လည်ပေးဆပ်ကြသည့်အခါ ထောင်နန်းစံရတော့သည်။ ထောင်နန်းစံတုန်း အချိန်ကာလတွင် လူဆိုးလူမိုက်ကြီးများကို အပေါ်အောက် အဖြူရောင်ဝတ်စုံများ ဆင်မြန်းဝတ်ဆင်ထားပေးခြင်းဖြင့် ကြမ်းတမ်းနေသော၊ ရိုင်းစိုင်းနေသော စိတ်ရိုင်းစိတ်ဆိုးများကို အတော်အတန် လျော့ကျစေကြောင်း ပညာရှင်တို့က သုံးသပ်ကြသည်။

အဖြူရောင်သည် ကျွန်ုပ်တို့လူသားများအတွက် လောကအတွင်း ဝင်ဝင်ချင်းမှသည် လောကမှ နှုတ်ဆက်ထွက်ခွာသွားသည်အထိ ပတ်သက်ဆက်နွယ်နေရသော အရောင်ဖြစ်ပါသည်။ မွေးကင်းစ၊ လောကအတွင်းရောက်ရှိစ ကလေးငယ်တို့အား ဖြူဖွေးလှပ သန့်ရှင်းပါသော အဖြူရောင်အနှီးပိတ်နှင့် ကြိုဆိုကြသည်။ လူ့လောကအတွင်းမှ ထွက်ခွာသွားသည့် သေသူတို့အတွက်လည်း အဖြူရောင်ပိတ်စကို ဖုံးလွှမ်းကာ နှုတ်ဆက်ပြီး သင်္ဂြိုဟ်ကြသည်။

ထို့ကြောင့် အဖြူရောင်သည် လူသားတို့အတွက် ဖြူစင်မှု၊ အေးချမ်းမှု၊ တည်ငြိမ်မှု၊ သန့်ရှင်းမှုတို့ကို ပေးရုံသာမက မွေးဖွားခြင်းနှင့် သေဆုံးခြင်းအထိပါ ထိစပ်ပတ်သက်နေသော အရောင်ဖြစ်သည့်အတွက် ကျွန်တော်သည် အဖြူရောင်ကို အမည်းရောင်ထက် နှစ်သက်မိပါတော့သည်။

○

mgyoe.com

mgyoe.com

## အမည်းရောင်ကို အဖြူရောင်ထက် နှစ်သက်သည်

ကျွန်မသည် အမည်းရောင်ကို အလွန်နှစ်သက်ပါသည်။ အမည်းရောင်သည် တည်ငြိမ်ခြင်း၊ ရင့်ကျက်ခြင်းကို ကိုယ်စားပြုသောကြောင့် ဖြစ်ပါသည်။ အမည်းရောင်သည် ရင့်ကျက်တည်ငြိမ်ရုံမျှမက ရှိရှိသမျှသော အရောင်အပေါင်းတို့၏ စုပေါင်းရာ နောက်ဆုံးထွက်ပေါ်လာသော အရောင်ဖြစ်ပါသည်။ ဖြူ၊ နီ၊ ဝါ၊ ပြာ စသည့် အရောင်မျိုးစုံကို ရောနှောလိုက်ပါက နောက်ဆုံးရရှိမည့်အရောင်မှာ အမည်းရောင်ဖြစ်ပါသည်။

လူသားတို့၏ အထွတ်အမြတ်ထားရာ ဦးခေါင်းထက်တွင် ပေါက်နေသော ဆံကေသာကိုကြည့်ပါ။ အနက်ရောင်ပင် ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်နှင့် နောက်ပါရဟန်းသံဃာတို့ အစာအာဟာရအတွက် မှီဝဲဖို့ရာထည့်ယူသော ခံယူခွက်သပိတ်ကို ကြည့်ပါ။ အနက်ရောင်ပင် ဖြစ်ပါသည်။ ရှေးက အသုံးပြုခဲ့သော ကျောက်သင်ပုန်းများကို ကြည့်ပါ။ အနက်ရောင်ပင် ဖြစ်ပါသည်။ တရားရုံးများအတွင်းရှိ တရားသူကြီးများ၊ ရှေ့နေမင်းများ၏ အဝတ်အစားကို ကြည့်ပါ။ နက်မှောင်နေသော မည်းနက်နေသော အရောင်များဖြစ်သည်ကို တွေ့ရပါသည်။ တည်ငြိမ်ခြင်း၊ ရင့်ကျက်ခြင်းကို အမည်း

mgyoe.com

mgyoe.com



ရောင်တွင် တွေ့ရပါသည်။

ကောင်းကင်ယံကို ညအခါတွင်ကြည့်ပါ။ မည်းနက်နေသော အာကာသကို တွေ့ရပါမည်။ ကြယ်ဖြူဖြူကလေးများသည် အဖြူရောင် မည်းမှောင်ပင်တောက်တောက် အမည်းရောင်ဟူသော ကောင်းကင် မရှိဘဲ မထွန်းတောက်နိုင်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် အမည်းရောင်ရှိမှသာ အဖြူရောင်ပေါ်လွင်နိုင်မည် ဖြစ်ပါသည်။

ကျွန်မတို့၏ စာသင်သားဘဝ ကုန်ဆုံးကာ ပညာပြည့်ဝ ထူးချွန်လှစွာသော အတတ်ပညာဒီဂရီ ဘွဲ့အသီးသီးပေးသည့် ဘွဲ့နှင်းသဘင်ကို ကြည့်ပါ။ မည်းသောနက်သော တည်ငြိမ်သော ဝတ်ရုံအနက်များကိုသာ တွေ့ရမည်ဖြစ်ပါသည်။ ပါမောက္ခချုပ်များကလည်း အမည်းရောင်ဝတ်ရုံ နှင့် ဖြစ်သည်။ ပါမောက္ခများကလည်း အမည်းရောင်ဝတ်ရုံနှင့်ဖြစ်သည်။ မော်ကွန်းထိန်းများကလည်း အမည်းရောင်ဝတ်ရုံနှင့် ဖြစ်သည်။ ကျွန်မတို့ ကျောင်းသား/သူများကလည်း အမည်းရောင်ဝတ်ရုံများနှင့်ပင် ဖြစ်သည်။

ထို့ကြောင့် အမည်းရောင်သည် ပညာပြည့်ဝ နှလုံးလှသူတို့အတွက် တည်ငြိမ်ရင့်ကျက်သောသဘောကို ဆောင်နေပါသည်။ အမည်းရောင်သည် ကြိုက်သည့်အရောင် လာရောက်ရောနှောပါစေ၊ ရောနှောလာသော အရောင်တို့ကို အမည်းရောင်ဖြစ်အောင်သော်လည်းကောင်း၊ အရောင်ရင့်ရင့်ဖြစ်သွားအောင် လည်းကောင်း ပြောင်းလဲနိုင်စွမ်းရှိသော အရောင်ဖြစ်ပါသည်။ အမည်းရောင်၏ ဂုဏ်ပုဒ်များကို ရေးသားမည်ဆိုလျှင် ကုန်အံ့မထင်။ သို့ဖြစ်သောကြောင့် ကျွန်မသည် အမည်းရောင်ကို အဖြူရောင်ထက်ပို၍ နှစ်သက်မြတ်နိုးမိပါတော့သည်။

o

mgyoe.com

mgyoe.com

ယောကျ်ားသည် မိန်းမထက် မြတ်သည်။

---

မိန်းမသည် ယောကျ်ားထက် မြတ်သည်။

mgyoe.com

mgyoe.com

## ယောက်ျားသည် မိန်းမထက် မြတ်သည်

ထိုအဆိုကို ကျွန်တော် အပြည့်အဝထောက်ခံပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ယောက်ျားများသည် ဦးဆောင်သူ၊ တာဝန်ယူသူ၊ ကာကွယ်ပေးသူ၊ ဖေးမပေးသူ စသည့်ဝိသေသများနှင့် ပြီးပြည့်စုံသောလူသားများ ဖြစ်သောကြောင့်ပင်။

ဟိုးရှေးရှေးကာလ သမိုင်းဦးစနစ်ကပင် ယောက်ျားနှင့်မိန်းမတို့တွင် ယောက်ျားသည် မိန်းမသားတို့၏ရှေ့မှ မားမားမတ်မတ်ရပ်ကာ သူ့မိသားစု၊ သူ့အစုအဝေး၊ သူ့အသိုင်းအဝိုင်းကို ကာကွယ်စောင့်ရှောက်ခဲ့သူများပင် ဖြစ်သည်။

ခရစ်ယာန်ဘာသာဝင်တို့၏ အလိုအရ ကြည့်မည်ဆိုပါစို့။ ဤကမ္ဘာလောကတွင် အစစအရာရာကို ဘုရားသခင်က ဖန်တီးပေးပြီးနောက် သူနှင့်တူသော ယောက်ျားသားကို ဖန်ဆင်းတော်မူခဲ့သည်ဟု ဆိုပါသည်။ ပြီးနောက်မှသာ မိန်းမသားကို ဖန်ဆင်းတော်မူသည်ဟု အဆိုရှိပါသည်။ သို့အတွက် ဤကမ္ဘာလောကတွင် ယောက်ျားသည် ပထမဆုံး ရောက်ရှိလာသူဖြစ်ပါသည်။ ထို့ကြောင့် ယောက်ျားသည် မိန်းမထက် ပိုမြတ်သည်ဟု ထင်မြင်ခံစားမိပါသည်။

mgyoe.com

mgyoe.com



ယောကျ်ားသားများမရှိလျှင် မိန်းမသားတို့အဖို့ အားကိုးရာမဲ့ဖြစ်မည်ဟု ဆိုချင်ပါသည်။ မိန်းမသားတို့သည် ပျော့သည်၊ ပျောင်းသည်၊ နွဲ့သည်၊ နှောင်းသည်။ ထို့ကြောင့် ပြင်းထန်သော၊ ပင်ပန်းသောလုပ်ငန်းဆောင်တာများကို မလုပ်ကိုင်နိုင်၊ မဆောင်ရွက်နိုင်။ မိန်းမသားတို့၏ မလုပ်ကိုင် မဆောင်ရွက်နိုင်သောအရာ တော်တော်များများကို ယောကျ်ားသားများကသာ ဦးဆောင်ဦးရွက်ပြုကာ ဆောင်ရွက်ပေးရပါသည်။ ထို့အတွက် ယောကျ်ားသည် မိန်းမထက် မြတ်သည်ဟူသောအဆိုကို ကျွန်တော် အလွန်သဘောကျ နှစ်သက်ပါသည်။

လုပ်ငန်းဆောင်တာတို့ကို တာဝန်ပေး ခွဲဝေကြသည့်ပုံစံကိုကြည့်ပါ။ "မောင်တစ်ထမ်း မယ်တစ်ရွက်" ဟု ဆိုထားသည့်အတွက် ကျွန်တော်တို့ယောကျ်ားသားများသည် မိန်းမသားများထက် ပိုမိုတာဝန်ယူဆောင်ရွက်ရသည့် သဘောထားများ ပေါ်လွင်နေကြောင်း သိသာထင်ရှားပါသည်။ ဦးဆောင်ဦးရွက် ပြုရသည့်ပုံကို ကြည့်ပါစို့။ "သျှောင်နောက်ဆံထုံးပါ" ဆိုသည့် စကားအရ ယောကျ်ားကပင် ဦးဆောင်ရသည် မဟုတ်ပါလော။ အဆုံးစွန်ပြောရမည်ဆိုလျှင် ဘုရားဆုပန်ကာ ဘုရားဖြစ်ဖို့ရာအတွက် ယောကျ်ားများပင် ဘုရားဖြစ်နိုင်သည်ကို ကြည့်ခြင်းအားဖြင့် ယောကျ်ားသည် မိန်းမထက်မြတ်ကြောင်း ပြောလိုပါတော့သည်။

၀

mgyoe.com

mgyoe.com

## မိန်းမသည် ယောကျ်ားထက် မြတ်သည်

"မိန်းမသည် ယောကျ်ားထက်မြတ်၏" ဟူသောအဆိုကို ကျွန်မ အပြည့်အဝ ထောက်ခံပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်မတို့သည် အမေမရှိဘဲ ဤကမ္ဘာလောကသို့ လာနိုင်မည်မဟုတ်။ အမေအဖြစ် မိန်းမသားတို့ကသာ စွမ်းဆောင်နိုင်သောကြောင့် မိန်းမသည် ယောကျ်ားထက်မြတ်၏ဟု ဆိုခြင်းဖြစ်ပါသည်။

ဟိုးရှေးရှေးကာလကပင် မိန်းမသားဖြစ်သော ကျွန်မတို့သည် လူသားမျိုးဆက် မပျောက်ပျက်ရေးအတွက် ကိုယ်ဝန်လွယ်၊ ဆယ်လဖွားကာ ဒုက္ခဝေဒနာတို့ကို ကြီးစွာခံယူရင်း လူသားပေါက်စကလေးများကို နို့ချိုတိုက်ကျွေးကာ လူလားမြောက်အောင် ကြည့်ရှုကျွေးမွေး ဆောင်ရွက်စီမံပေးသူများမှာလည်း ကျွန်မတို့မိန်းမသားများပင် ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်တွင် လူ့လောကကြီးတစ်ခုလုံး တိုးတက်ကြီးပွား ထွန်းကားလာရခြင်းမှာ လူသား ယောကျ်ားများကြောင့်ဟု ဟစ်ကြွေးကြသည် ဆိုပါစို့။ ထို လူသားယောကျ်ားများ ဖြစ်လာအောင် ဝမ်းနှင့်လွယ်ကာ မွေးဖွားသန့်စင်ပေးခဲ့ကြသူများမှာ မိန်းမ

mgyoe.com

mgyoe.com



များပင်ဖြစ်သည်။ ထို့ကြောင့် မိန်းမသည် ယောကျ်ားထက် မြတ်သည်ဟု ဆိုချင်ပါသည်။

ဟုတ်ပါသည်။ မှန်ပါသည်။ ကျွန်မတို့ မိန်းမသားများသည် ယောကျ်ားသားများလောက် မသန်မာကြပါ။ သို့သော် သန်မာထွားကျိုင်းသော ယောကျ်ားသားတို့ မလုပ်နိုင်သည့်၊ မလုပ်ချင်သည့် အလုပ်ပေါင်း သောင်းခြောက်ထောင်ကို စီမံခန့်ခွဲနိုင်သူများမှာ မိန်းမသားများပင် ဖြစ်ပါသည်။ "လင်တော်မောင် ဒူးလေးနဲ့အမဲရှာစဉ် အိမ်ရှင်မ ငရုတ်ထောင်းရင်းကြက်သွန်နွှာ" ဟူသော သီချင်းစာသားအရ ကျွန်မတို့ မိန်းမသားများသည် မောင်တစ်ထမ်းမယ်တစ်ရွက် အလုပ်ကို ကူညီပေးသကဲ့သို့ သားငယ်သမီးငယ်များအား ထိန်းသိမ်းစောင့်ရှောက် လူလားမြောက်အောင် စီမံပေးနေသည်မှာလည်း ကျွန်မတို့မိန်းမသားများပင် မဟုတ်ပါလော။ ထို့ကြောင့် ယောကျ်ားများထက်ပို၍ တာဝန်ယူကြရသည့် မိန်းမသားတို့သည် ယောကျ်ားများထက် ပိုမိုမြတ်ကြောင်း ဆိုချင်ပါသည်။

ဘုရားဆုထူးပန် ယောကျ်ားများ၊ ဘုရားဖြစ်ကြသောအခါတွင်လည်း ထိုဘုရားဆုပန်များနှင့် ဘုရားရှင်တို့ကို သူတို့မိခင်များကပင် မွေးဖွားပေးရသည် မဟုတ်ပါလော။ မြတ်စွာဘုရားဆိုပင်လျှင် နို့တစ်လုံးဖိုးသာ ကျေသည်ဟု ပြောဆိုမိန့်ကြားသည်။ မိန်းမသားတို့သည် ယောကျ်ားများထက် မြတ်သည်ဟု ဆိုချင်ပါတော့သည်။

၀

mgyoe.com

mgyoe.com

နံနက်စောစော အိပ်ရာမှထကာ စာကြည့်ခြင်းသည် ကောင်း၏

---

လူခြေတိတ်ဆိတ် ညအချိန်တွင် စာကြည့်ခြင်းသည် ကောင်း၏

mgyoe.com

mgyoe.com

## နံနက်စောစော အိပ်ရာမှထကာ စာကြည့်ခြင်းသည် ကောင်း၏

နံနက်မိုးသောက် အလင်းရောက်ပြီဆိုလျှင် ဩကာသလောက တစ်ခုလုံးသည် အသစ်စက်စက်ဖြစ်ကာ ကျက်သရေအဖြာဖြာနှင့် တင့်တယ်၍နေပါသည်။ ထိုအချိန် ထိုကာလတွင် ကျွန်မ အိပ်ရာမှ နိုးထလာသည်။ အိပ်ရေးဝဝ အိပ်ထားရသောကြောင့် ခန္ဓာကိုယ် တစ်ခုလုံး လန်းဆန်းနေသည်။ ရေအေးအေးနှင့် မျက်နှာသစ်လိုက် သောအခါ တစ်ကိုယ်လုံး အေးမြသွားသည်ဟု ခံစားရသည်။ နံနက် ခင်းလေပြည်နုနုက မျက်နှာကို ကလူကျီစယ်သော အခါတွင်ကား ကျွန်မသည် ခွန်သစ်အားသစ်၊ ခွန်အားသစ်တို့နှင့်အတူ စာကျက်မှတ် ရန် အသင့်ဖြစ်နေလေပြီ။

နံနက်စောစော စာကြည့်ခြင်းသည် ကောင်း၏။ အဘယ့်ကြောင့် ဆိုသော် ကျေးငှက်သာရကတို့၏ တီတီတျာတျာအသံများက စာ ကြည့်သူကို အားပေးသယောင် ထင်နေရ၏။ အိပ်ရေးဝဝအိပ်ခွင့် ရထားသောကြောင့် ဦးနှောက်သည် လန်းဆန်းကာ ကြည့်သမျှစာတို့ ကို မပျောက်ပျက်အောင် သိမ်းဆည်းပေးနေသည်ဟု ထင်ရသည်။

mgyoe.com

mgyoe.com



အရှက်ကျင်းချိန် ဆွမ်းခံထွက်လာသော ရဟန်းတို့၏ရှေ့မှ ဆွမ်းတော်ဖျို့ဟူသည့် အော်သံသည် ကုသိုလ်ယူရန် နှိုးဆော်ပေးနေသည်။ ထိုကုသိုလ်ယူသံ နှိုးဆော်သံကြောင့် လူသည် ပိုမိုလန်းဆန်းလာသည်။ ကြည်လင်လာသည်။ ထို့အတွက် စာကြည့်ရသည်မှာ ပိုကောင်းလာပါတော့သည်။

နံနက်စောစော စာကြည့်သည့်အတွက် စာများကို ပိုမှတ်မိစေသည်။ ရှေးလူကြီးသူမတို့၏ စကားများအရ ကိုယ်စောင့်နတ်ကလည်း စိတ်ကြည်လင်နေသည့်အချိန် ဖြစ်သည့်အတွက် မိမိစာကြည့်သည်ကို ကူညီပေးလေ့ရှိသည်။ လူရော၊ နတ်ရော၏ ဝီရိယကြောင့် ခက်ခဲသော စာများကိုပင် ကျက်ရမှတ်ရသည်မှာ ပိုမိုလွယ်ကူလာသည်ဟု ထင်ရသည်။ ထို့ကြောင့် နံနက်စောစော အိပ်ရာမှထကာ စာကြည့်ခြင်းသည် ကောင်း၏ဟု ဆိုချင်ပါတော့သည်။

ဝ

mgyoe.com

mgyoe.com

## လူခြေတိတ်ဆိတ် ညအချိန်တွင် စာကြည့်ခြင်းသည် ကောင်း၏

ညသည် တစ်စတစ်စ တိတ်ဆိတ်၍လာနေပြီ။ လောကကြီးတွင် အသံဗလံတို့ တိတ်ဆိတ်စပြုပြီ။ ကလေးအော်သံ၊ ခွေးအူသံတို့ပင် မကြားရတော့။ ညသည်ညပီသစွာ မှောင်လည်းမှောင် တိတ်လည်းတိတ်နှင့် လောကကို အလှဆင်နေပါတော့သည်။

ညဦးပိုင်းစအချိန်တွင် ကစားသံ၊ အော်သံ၊ ဟစ်သံတို့ ဆူညံနေသလောက် ညနက်ပိုင်းသို့ ရောက်လာသောအခါ လူခြေတိတ်ဆိတ်နေပါတော့သည်။ ဤအချိန်ဤကာလသည် ကျွန်တော့်အဖို့ စဉ်းစားဖို့ကောင်းသောအချိန်၊ မှတ်သားဖို့ကောင်းသောအချိန်၊ စာကြည့်၍ကောင်းသောအချိန် စသည့်အချိန်အချိန်တို့နှင့် ပြီးပြည့်စုံသောကာလများပင်တည်း။ ထို့ကြောင့် လူခြေတိတ်ဆိတ် ညအချိန်တွင် စာကြည့်ခြင်းသည်ကောင်း၏ဟု ကျွန်တော် ဆိုချင်ပါသည်။

တိတ်ဆိတ်နေသော အခါသမယသည် ကာလတွင် ကျက်သမျှမှတ်သမျှတို့ ခေါင်းထဲစွဲကာ ကျန်ခဲ့ပါသည်။ အားလုံးတိတ်ဆိတ်နေသောကြောင့် ကိုယ့်စိတ်ကူးနှင့်ကိုယ်သာလျှင် ရှိနေသည့်အချိန် ဖြစ်ပါ

mgyoe.com

mgyoe.com



သည်။ ထို့ကြောင့် စာပင်ကျက်ကျက်၊ သင်္ချာပင်တွက်တွက်၊ ပုံပင်ဆွဲဆွဲ လုပ်သမျှ အကျိုးရှိမည့်အချိန်ပင် ဖြစ်ပါသည်။

လူခြေတိတ်ဆိတ် ညအချိန်သည် အတွေးတို့ကို ဆန့်ချင်သမျှ ဆန့်၍ရသည်။ နေ့လယ်နေ့ခင်းများလို အမေလှမ်းခေါ်မှာလည်း မပူရ၊ အဘွားခေါ်ခိုင်းမှာလည်း မပူရ၊ ကိုယ့်စိတ်ဝင်စားစရာ ဘာသာရပ်အပေါ်သာ အာရုံအပြည့်အဝထားကာ ကျက်နိုင်မှတ်နိုင်သော အချိန်ဖြစ်သည်။ ထို့ကြောင့် လူခြေတိတ်ဆိတ် ညအချိန်တွင် စာကြည့်ခြင်းသည်ကောင်း၏ဟု ဆိုချင်ပါသည်။

အသံတိတ်ဆိတ်နေသောကြောင့် ကိုယ်ကျက်သမျှ စာအသံတို့ကို ကိုယ့်နားထဲသို့ ပြန်ဝင်လာသည့် အရသာမှာ ဖော်မပြတတ်အောင်ပင်။ မျက်လုံးဖြင့်ကြည့်၍ ကျက်ရသောကြောင့် မျက်စိထဲတွင် စွဲနေသည်။ ကိုယ့်အသံကိုယ် ပြန်ကြားရသောကြောင့် နားထဲတွင်ကြားနေသည်။ မျက်စိတွင်စွဲ၊ နားတွင်ကြားနေရသောကြောင့် စိတ်ထဲကပါ အလိုလို မှတ်မိလျက်သား ဖြစ်နေသည်။ ထို့အတွက် လူခြေတိတ်ဆိတ် ညအချိန်တွင် စာကြည့်ခြင်းသည်ကောင်း၏ဟု ဆိုချင်ပါတော့သည်။

၀

mgyoe.com